# သခင့်စကား

# The LORD's Word

ငါတို့သည် ဝမ်းမြောက်ခရာ သတင်းကို ထိုသူတို့
ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ ကြားရသော တရား
စကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့်
မရောနှောသော ကြောင့် အကျိုးကို မပေး ။ ဟေဗြဲ ၄း၂

အမှတ်စဉ် (၁၈၇) ဇတ်လ ၂၀၁၇ ခုနှစ် ဇမ္ဗူဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )
၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လို ပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေ၄ချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ ***friend request*** လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။

## မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၇ ဇတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၁၃ ထုတ်ဝေသည်။

# သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ ကြားရသော တရား စကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသော ကြောင့် အကျိုးကို မပေး ။ ဟေဗြဲ ၄း၂

အမှတ်စဉ် (၁၈၇) ဇွန်လ ၂၀၁၇ ခုနှစ် ဗမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# အပြစ်မမြင်ကျေးဇူးတင်



## အပြစ်မမြင် ကျေးဇူးတင် *[မင်းအောင်သက်လွင်]*

ဖာရာရီ ပြိုင်ကား မစီးရလို့ ဘုရားကို အပြစ် မမြင်ဘူး။
ခြေလက်သေ ဒုက္ခိတ မဟုတ်လို့ ဘုရားကို ကျေးဇူးတင်တယ်။
ရွှေငွေရတနာတွေ အလှဆင်ပြီး မဝတ်ဆင်နိုင်လို့ ဘုရားကို အပြစ် မမြင်ဘူး။
ကျန်းမာတဲ့အရေပြားနဲ့ ကိုယ်တွင်း ကလီစာ တွေအတွက် ကျေးဇူးတင်တယ်။



ဂဏ်သားဟင်း နေ့တိုင်း မစားရလို့ ဘုရားကို အပြစ် မမြင်ဘူး။
သွေးတိုး အဆီပိတ် ရောဂါ မရှိလို့ ဘုရားကို ကျေးဇူးတင်တယ်။
ဆီဦးထောပတ် KFC ဟမ်ဘာဂါတွေထည်လဲ မစားနိုင်လို့ ဘုရားကို အပြစ်မမြင်ဘူး။
သွေးတိုး ဆီးချို သွေးချိုရောဂါတွေ မရှိလို့ ဘုရားကို ကျေးဇူးတင်တယ်။
မာစတာဒီဂရီ ဘွဲ့ အလီလီ မရခဲ့လို့ ဘုရားကို အပြစ် မမြင်ဘူး။
ကိုယ်ရတဲ့ သက်မွေးဝမ်းကျောင်းလက်မှတ်နဲ့ -
သမ္မာအာဇီဝ အလုပ်တစ်ခု ရလို့ ဘုရားကို ကျေးဇူးတင်တယ်။
မွေးနေ့ပွဲကို လူအများကြီးနဲ့ ခမ်းခမ်းနားနားကြီး မကျင်းပနိုင်လို့ ဘုရားကို အပြစ် မမြင်ဘူး။
ကိုယ့်မွေးနေ့ပွဲကို နှစ်စဉ်တိုင်း ကျော်ဖြတ်ခွင့်ရလို့ ဘုရားကို ကျေးဇူးတင်တယ်။
နောက်ဆုံးပေါ် အဝတ်အထည်တွေ မဝတ်နိုင်လို့ဘုရားကို အပြစ် မမြင်ဘူး။.
တစ်ကိုယ်လုံး ကျန်းမာပြီး သင့်တင့်တဲ့ အသားအရေ ရှိလို့ ဘုရားကို ကျေးဇူးတင်တယ်။



ဘာသာရေးဘွဲ့ ရာထူးနဲ့ သင်းအုပ်ဆရာ ဆိုပြီး
ဘာတစ်ခုမှ ထူးထူးခြားခြား မရှိလို့ ဘုရားကို အပြစ် မမြင်ဘူး။
ကိုယ်ပိုင် အရည်အချင်းနဲ့ ဘုရားအမှုတော်မှာ ပါဝင်ခွင့်ရလို့ ဘုရားကို ကျေးဇူးတင်တယ်။
ကမ္ဘာကျော် သိပ္ပံ ပညာရှင်ကြီး မဖြစ်လို့ဘုရားကို အပြစ် မမြင်ဘူး။
ဦးနောက်အကောင်းပကတိနဲ့ အသိဉာဏ်ရှိလို့ ဘုရားကို ကျေးဇူးတင်တယ်။
အဆင့်မြင့် နောက်ဆုံးပေါ်နည်းပညာတွေ မသိကျွမ်းလို့ ဘုရားကို အပြစ်မမြင်ဘူး။
အသက်ရှင်တဲ့ဘုရားနဲ့ နှုတ်ကပါတ်တော်ကို သိကျွမ်းခွင့်ရလို့
ဘုရားသခင်ကို အထူး ကျေးဇူးတင်တယ်။ ။ (မင်းအောင်သက်လွင်)




သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ ကြားရသော တရား စကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသော ကြောင့် အကျိုးကို မပေး ။ ဟေဗြဲ ၄း၂

အမှတ်စဉ် (၁၈၇) ဇတ်လ ၂၀၁၇ ခုနှစ် ဇမ္ဗူဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ကျေးဇူးတင်တယ်ကိုယ်တော်



## ကျေးဇူးတင်တယ်ကိုယ်တော် *သိုးသူငယ် ဒါးက*

အပြစ်တစ်ချို့ကို ဖုံးဖိ၊ အပြုံးအတုတွေ **ဆင်**နေရချိန် -

ကျွန်ုပ် ဘာလဲ **ဆိုတာ ကိုယ်တော် သိတယ် ကိုယ်တော်။**

**လျှောက်နေရင်း ခြေယိုင် မသွားဖို့ ခြေလှမ်းတွေ ထိန်းနေရချိန် -**

ကျွန်ုပ် ဘယ်လမ်းသွားနေလဲ ကိုယ်တော် သိတယ် ကိုယ်တော်။

ရှေ့**ဆက်ဖို့ အားတင်းရင်း သူတို့ရဲ့ စွပ်စွဲမှု** တွေ မျက်ကွယ်ပြုနေရချိန် -

ကျွန်ုပ် အားနည်းနေတာ ကိုယ်တော် သိတယ် ကိုတော်။

ငြင်းပယ် ခံရမှုတွေအတွက် မျက်ရည်တွေ ထိန်းချုပ်နေရချိန် -

ကျွန်ုပ် ရင်ကွဲမတတ်ခံစားနေရတာ ကိုယ်တော် သိတယ် ကိုယ်တော်။

အပြစ်တွေကို ခွင့်လွှတ်ပေးတဲ့ သခင်၊

**ခြေလှမ်းတွေ ထိန်းကျောင်းပြုပြင် ပေးမဲ့ သခင်၊**

အားအင်တွေ အမြဲပေးနေတဲ့ သခင်၊

ကျွန်ုပ်ကို ဘယ်သော အခါမှ မငြင်းတာ၊

ကျေးဇူးတင်တယ် ကိုယ်တော်။ ။


သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ ကြားရသော တရား စကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသော ကြောင့် အကျိုးကို မပေး ။ ဟေဗြဲ ၄း၂

အမှတ်စဉ် (၁၈၇) ဇတ်လ ၂၀၁၇ ခုနှစ် စမ္ပဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ခိုသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# လိမ်ရဲလား

## လိမ်ရဲလား *ဆယ်မြှုရယ်စိုးလွင်*







သာသနာကို အကြောင်း ပြပြီး ၊
ကျွန်ုပ်တို့... မလိမ်မိပါစေနဲ့ ။
သာသနာကို ခုတုံး လုပ်ပြီး ၊
ကျွန်ုပ်တို့... မရှိုးမိ ပါစေနဲ့ ။
သာသနာကို ဘန်းပြ ပြီး ၊
ကျွန်ုပ်တို့... မညာမိ ပါစေနဲ့ ။
သာသနာကို အသုံး ချပြီး ၊
ကျွန်ုပ်တို့.... မဘတ် မိပါစေနဲ့ ။
သာသနာကို ခမ်းနားစွာ ဖန်တီးပြီး ၊
ကျွန်ုပ်တို့... မှသား ရှှင်ရှင် မကျူးလွန်ပါစေနဲ့ ။
ထို့အတူ...
သာသနာ ပြုနေသူကိုလဲ ၊
ကျွန်ုပ်တို့.... လိမ်ညာ ခုတုံး မပြုမိပါစေနဲ့ ။
ကျွန်ုပ်တို့.....
စိုက်သည့် အတိုင်း ရိတ်သိမ်းရမှာ
စိုးရိမ် ပေးမိလို့ပါ .... ။ ။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၇ ဇတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက်၊ အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

# အလိုတော်နှင့်ညီသော ကျွေးရှူးဆပ်နည်းများ






## အလိုတော်နှင့်ညီသော ကျေးရှူးဆပ်နည်းများ ဆယ်မြူရယ်စိုးလွင်

လူတိုင်း ဘဝတွင် ကျေးရှူးပြုခြင်းကို ခံစားဘူးကြပေမည်။ ထိုသို့ ခံစား ရသော ေ ကျေးရှူးတရား များကို အချို့ မေ့သွားတတ်။ အချို့က ဘ ဝတစ်ခုလုံးနှင့် ယှဉ်ပြီး သယ်ဆောင် သွားတတ်ကြသည်။ ထို့ကြောင့် ကျေးရှူးတရားနှင့် ပတ်သက် လာလျှင် စကားပုံများလည်း ရှိလာခဲ့သည်။ နှုတ်ကပတ်တော်အရ ဆိုလျှင် "ကျေးရှူး ချီးမွမ်းခြင်း ယဇ်ကို ပူဇော်သော သူသည် ငါ၏ ဘုန်းကို ထင်ရှားစေသောသူ ဖြစ်၏" ဟု ဆိုထားခြင်းဖြစ်သည်။ အမှန်တော့ "ကျေးရှူး မဆပ်ရင် နေပါ၊ ကျေးရှူး မကန်းနဲ့" ဟူ၍ မြန်မာ စကားပုံ ထားရှိသည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ အကြောင်းမှာ ကျေးရှူး ကန်းသူသည် ဘယ်သောအခါမှ ကောင်းစားနိုင်မည် မဟုတ်။ ကျေးရှူး ကန်းသူကို လူတိုင်း မနှစ်မြို့၊ မနှစ် သက်ကြ။ ရေရှည် လက်မတွဲ နိုင်ကြ။ ထို့ကြောင့် ကျေးရှူးတရား သိတတ်သူကို ဘုရားရှင် ကိုယ်တော်တိုင်က "ကျေးရှူး သိတတ်သူသည် ..... ငါ့ဘုန်းကို ထင်ရှား စေသူ"ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

**၁။ ကျေးရှူးပြုသူကို သိတတ်ခြင်း။**

ကိုယ့်အပေါ်တွင် သူပြုသော ကျေးရှူးကို သိတတ်ခြင်းသည် မင်္ဂလာ တစ်ပါး ဖြစ်သည်။ မိမိအား ငွေသိန်း ချီပေး ကူညီခဲ့သူကို တန်ပြန်ငွေ သိန်းချီပြီး ကျွန်တော်တို့ ပြန်ဆပ် နိုင်မှ ဆပ်နိုင်ကြပေမည်။ ထိုသို့ ပြန်ပေးနိုင်၍ ဆပ်ခဲ့သည်ဆိုလျှင် သော်မှ ကျေးရှူး ဆပ်ရာ မမည် ၊ အကြွေး ဆပ်သည်နှင့်သာ တူပေမည်။ ထို့ အစား "ကျေးရှူး သိတတ်ခြင်း" က ပိုမို ထိရောက် စေပါ သည်။ စာရေးသူ ကျောင်းသား ဘဝတွင် ကူညီ ဖေးမခဲ့သူ များစွာ ရှိပါ သည်။ ထိုသို့ ကူညီခဲ့သူများကို စာရေးသူ တတ်နိုင်သော ကတိကို အမြဲ ပေးခဲ့ပါသည်။ "အခုလို ကူညီ ပေးတာကို ကျေးရှူး တင်တယ်ဗျာ..... ကူညီ ခဲ့တဲ့အတိုင်း ကျွန်တော် သေသည့် တိုင်အောင် ဒီ သာသနာ ခရီးမှာ ရှိနေမှာပါ" ဟုလေးနက်စွာ ဆိုခဲ့သည်။

**၂။ ကျေးရှူးပြုသူဆန္ဒ ပြည့်စုံစေခြင်း။**

အကြောင်းမှာ သူတို့ ကူညီနေခြင်းက မိမိ သွားနေသော လမ်းတွင် ကြုံနေ ရသော အခက်အခဲကို မြင်တွေ့ စာနာပြီး ကူညီ ပေးခြင်း မဟုတ်ပါလား။ ထို ့ကြောင့် သူတို့ ပေးသော အကူ အညီဖြင့် ထိုလမ်းကို အပြီးတိုင် စေခြင်း ကလည်း သူတို့ စိတ် စေတနာ ကို အလေး အနက်ထား ဆောင်ကျဉ်း ပေးမည်ဟု ဆိုလိုက်ခြင်းပင်။ ထိုသို့ ပြီးစီး စေမှုကို သူတို့ လိုလားကြသည် မဟုတ်လား။ ထို့ကြောင့် စာရေးသူ ဘဝတွင် သူတို့ပေးသော အကူအညီသည် မည်သည့် အတွက် ဆိုသည်ကို ကောင်းစွာ သဘောပေါက်ပြီး ထို့ အတွက်ပင် သူတို့ အကူအညီကို ကောင်းစွာ အသုံးပြုခဲ့သည့်အတွက် ယနေ့ ထက်တိုင် သူတို့နှင့် တွေ့သော အခါ ပြုံးပျော်နိုင်သည်။ သူတို့ လည်း ဝမ်းသာ ကြည်နူးကြသည်။

**၃။ ကျေးရှူးတရား၏ အတိမ်အနက်ကို လေးစားပါ။**

စာရေးသူဘဝတွင် တစ်ချိန်က ငွေ ၉၀၀ နှင့် ထမင်း တစ်နပ်စာ ကျေးရှူး ပြုဘူးသူ ရှိခဲ့ပါသည်။ သူတို့နှင့် စပ်ဆိုင်ပြီး ကျေးရှူးတရား အကြောင်း ကို ပြောသော အခါ "ဒါလေးက ဘာမှ မဟုတ်ပါဘူးကွာ ထည့်ပြော မနေပါနဲ့" ဆိုပြီး ဆိုလာသည်။ မှန်ပါသည်။ ခေတ် ရေစီးကြောင်းအရ ငွေ ၉၀၀ သည် မဆို စလောက် အဖြစ်နှင့် ထမင်း တစ်နပ်သည် အလေးထားစရာ မဟုတ်ဟု ကျွန်တော် မဆိုနိုင်ပါ။ အကြောင်း မှာ ထိုစဉ်က ထမင်းတနပ်သည် ကျွန်တော့်အဖို့ တစ်နပ်စာ မဟုတ်။ "ဘဝဆက် ပေးခဲ့သည့် ထမင်း" ဖြစ်နေပါသည်။ ထိုစဉ်က ငွေ ၉၀၀ သည် "အနာဂါတ် လမ်းကို ခင်းပေး ခဲ့သည့် ငွေ" ဖြစ်နေသည်ကိုမူ ဥပေက္ခာ မပြုနိုင်ပါ ဟုဆိုသောအခါ။ ထို ကျေးရှူးရှင် ဝမ်းသာသွားခဲ့သည်။ ထို့နောက် "မင်းကို ကူညီခဲ့ရတာ ငါ နောင်တ မရ ဘူး၊ ကူညီ ပေးခဲ့ရလို့ ကျေးရှူးတင်တယ်" ဆိုပြီး စာရေးသူ ကို ဝမ်းသာ လှိုက်လှဲစွာဖြင့် ဖက်ပွေ့ နှုတ်ဆက်ခဲ့သည်။

**၄။ ကျေးရှူးမဆပ်နိုင်သော်မှ မကန်းလေနဲ့။**

ငယ်စဉ်က ကျွန်တော်တို့ အားလုံး အတန်းစာတွင် ဖတ်မှတ် ကြားဘူး ကြပေမည်။ "ဆရာ အာပြန်၊ အာခေါင် လုံစူး" ဆိုသော သာဓက တွင် ဗျိုင်း ထံမှ ငါး ဖမ်းစား နည်းကို အတုမြင် အတတ်သင် ခဲ့သော လုလင်ငယ် မှာ ရှင်ဘုရင်ရှေ့တွင် မိမိ ဆရာ မှာ ဗျိုင်း ဖြစ်ကြောင်း မပြောလို၍ ဆရာ့အပေါ်တွင် ဥပေက္ခာပြုကာ ကျေးရှူးကန်းခဲ့ သော ကြောင့် ဘ ဝဆုံး ရေတိမ် နစ်ခဲ့ရပါသည်။ ထို့ကြောင့် သူ့ ကျေးရှူးကို မဆပ်နိုင် စရာ အကြောင်း မရှိပါ။ မဆပ်လိုခြင်းသာ ဖြစ်သည်။ အကြောင်းမှာ စာရေးသူ ဘဝ တွင် ကူညီခဲ့ကြသည့် ကျေးရှူးရှင်များစွာ ရှိပါသည်။ သူတို့ အားလုံးကို တစ်ဦးချင်း ကျေးရှူး လိုက်ဆပ် နေမည် ဆိုလျှင် ဘယ်မှာ အမှုကြီးငယ် များကို ဆောင်နိုင် ပါမည်နည်း။ "ကျေးရှူးရှင်များ" အားလုံးကလဲ သူတို့ကို တစ်ပြန် ကျေးရှူး ဆပ်ရမည်ဟု မမျှော်လင့် ခဲ့ကြပါ။

**၅။ စိတ်ချမ်းသာစေမည့် ကျေးရှူးဆပ်နည်း။**

"ကိုယ့်ပေါ်ပြုဘူး သူ့ကျေးရှူး အထူးသိတတ်စေ "ဟု ငယ်စဉ်က စာရေးသူ မိခင်မှ ဆုံးမ ခဲ့ဘူးသည်။ ထိုသို့ေ သာ မိခင်ကောင်းကို ရရှိ ထားသောကြောင့် ကျေးရှူး ဆပ်နည်း များစွာထဲမှ မိမိ ဆပ်နိုင်သည့် နည်း ဖြင့် စာရေးသူ အပေါ်တွင် ကျေးရှူး ပြုဘူး သူများကို ကျေးရှူးဆပ်လေ့ ရှိသည်။ ယနေ့တိုင် အမေ့ ကျေးရှူးကို ကျွန်တော် မဆပ်နိုင် ခဲ့သော်လည်း အမေ့ အကြောင်း တွေးတိုင်း၊ ဘယ်သော အခါမှ နောင်တ မရသော အချက် ရှိပါသည်။ ၄င်းမှာ အမေက ကျွန်တော့်ကို နည်းတစ်ခု ပေးခဲ့ သည်။ "မိဘ ကျေးရှူး မဆပ်နိုင်သော်မှ၊ မိဘမျက်ရည် မကျစေဘူး ဆိုရင် ဒါ ကျေးရှူး ဆပ်နည်း ပဲ" ဟု ဆိုခဲ့သည့်တိုင်း အမေ့ဘဝတွင် ကျွန်တော့် ကြောင့် "မျက်ရည် မကျ စေရ"ဟု ခိုင်မာသော ဆုံးဖြတ်ချက်ကို ချမှတ် နိုင်ခဲ့သည်။ အမေ့ အတွက် ဒုက္ခ ပင်လယ် ဝေစေသော သား မဖြစ်ခဲ့ ရခြင်းကြောင့် ယနေ့တိုင် ဝမ်းသာရွှင်မြူးနိုင်သည်။ သင်လည်း ယနေ့ ရှိသည့် နေရာတွင် မိမိမှာ စည်းစိမ်ဥစ္စာ မရှိ၍ ကျေးရှူး မဆပ်နိုင်သူ ဟူသော ခံစားချက်ဖြင့် ဘဝကို မကျေမနပ် ဖြစ်စရာ မလို။ မိမိ အရှိ၊ အဖြစ်၊ အသိတရားတို့ဖြင့် ကျေးရှူး တရားကို အကောင်း ဆုံး ဆပ်နိုင်သူ ဖြစ်နိုင်ခွင့်ကို ဘုရားသခင် ပေးထားပါသည်။

ထိုသို့သော သူများအတွက် ဘုရားသခင့် ကတိတော်မှာ "ကျေးရှူး ချီးမွမ်းခြင်း ယဇ်ကို ပူဇော်သော သူသည်၊ ငါ၏ ဘုန်းကို ထင် ရှား စေသောသူ ဖြစ်၏။ မိမိ သွားရာ လမ်းကို ဆင်ခြင်သော သူ အား လည်း ကယ်တင်ခြင်း ကျေးရှူးကို ငါပြဦး မည်" ဟု ကတိတော် ပေးလျှက် ကျေးရှူးဆပ် သူများကို ရှာဖွေနေပါသည်......။ ။ **ဆယ်မြူရယ်စိုးလွင်**



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၇ မတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၄၁၀ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

**ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ ကြားရသော တရား စကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသော ကြောင့် အကျိုးကို မပေး ။ ဟေဗြဲ ၄း၂**

အမှတ်စဉ် (၁၈၇) မတ်လ ၂၀၁၇ ခုနှစ် ဗမ္မာဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ယနေ့ကြွလာမိတ်သဟာ ချမ်းသာကိုယ်စိတ်မြဲပါစေ

ယနေ့ ကြွလာ မိတ်သဟာ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ မင်းအောင်သက်လွင်

[[မဿဲ ၁၁း၂၈ - ပင်ပန်း၍ ဝန်လေးသောသူ အပေါင်းတို့ ငါ့ထံသို့ လာကြ လော့။ ငါသည် ချမ်းသာပေးမည်။
**ဟေဗြဲ ၄း၁ - ထို့ကြောင့် ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရသော အခွင့်ကို ပေးသော ကတိတော်သည် ငါတို့၌ ရှိရစ်လျှက်နှင့် သင်တို့တွင် အချို့တို့သည် မမီဘဲနေမည်ကို စိုးရိမ်ကြကုန်အံ့။**]]

*(ယနေ့ ကြွလာ မိတ်သဟာ ချမ်းသာကိုယ်စိတ်မြဲပါစေ။)*



ဒီစာသား၊ ဒီစကားလေးကို မြန်မာပြည် နေရာ တော်တော် များများမှာ တွေ့ရ တတ်ပါတယ်။ အိမ် ဧည့်ခန်းမ။ စားသောက်ဆိုင် ၊ ရုပ်ရှင်ရုံ။ မော်တော်ကား အတွင်း နံရံများ ပေါ်တွင် ဒီစာ ဒီစကားကို ရေးသား ကပ်ထားတာကို ကျနော် ငယ်ငယ် က မကြာခန တွေ့မြင်ဖူး။ ဖတ်သိ ဖူးပါတယ်။ အိမ်ရှင်၊ စားသောက်ဆိုင် ပိုင်ရှင်။ ကား ပိုင်ရှင်က မိမိ နေရာကို လာရောက်သည့် ဧည့်သည်အား ဖိတ်မန္တကပြု နှုတ်ဆက် ဆုတောင်း စကား ဖြစ်ပါတယ်။

ဧည့်သည် အဖြစ် ရောက်လာသူတိုင်းကို နှုတ်နဲ့ တစ် ယောက်ချင်း ပြောကြား နိုင်ဖို့ အချိန်တော်တော် ယူရမှာဖြစ်သလို လာ သူတိုင်းကို ထောင့်စေ့ ဧည့်ကြို စကား ပြောနိုင်အောင် မအားလပ် ကြပါ။ သို့အတွက်ကြောင့် နှုတ်ခွန်းဆက် စကားကို နံရံမှာ ရေးသား ကပ်ထားသည့် အတွက် ဒီအိမ်၊ ဒီဆိုင်၊ ဒီခန်းမ၊ ဒီမော်တော်ကား ထဲ ရောက်လာတဲ့ သူက ခုံပေါ် ထိုင်ချပြီး နံရံကို မျက်စိ ကစား ကြည့်မိလို့ ဒီ စာသား ကို တွေ့လိုက်ရတဲ့ အခါမှာတော့ တဒင်္ဂ စိတ်ချမ်းသာ ရသွား နိုင် ပါတယ်။ ဒီစကားကို တစ်လုံးချင်း အဓိပ္ပါယ်ဖွင့်ကြည့်မယ်ဆိုရင် -

[ယနေ့] - ယနေ့ ဆိုတဲ့ အဓိပ္ပါယ်ဟာ လက်ရှိ အချိန်ကာလမှာ သက်ရှိ ထင်ရှားတဲ့ သူအတွက် ရည်ညွှန်း ပါတယ်။ ပစ္စုပ္ပန် အတိတ် အနာဂါတ် ဆိုပြီး ကာလ သုံးပါး ရှိတဲ့ အနက် မှာ၊ ယနေ့ ဟာ ပစ္စုပ္ပန် ကာလ လက်ရှိ အချိန်အခါ ကို ရည်ညွှန်းပါတယ်။ မနေ့ က ဖြစ်ပြီးသား ကိစ္စကို မပြော ပါဘူး။ မနက်ဖြန် မရေရာတဲ့ အနာဂါတ်ကိုလည်း မပြောဘူး။ လက်ရှိ အချိန်ကာလ၊ ယနေ့၊ အခု လက်ငင်းကို ဆိုလိုပါတယ်။



[ကြွလာ] - အိပ်နေ ထိုင်နေသူ မဟုတ်ပါ။ ကြွ နိုင်တဲ့သူ၊ လာ နိုင်တဲ့သူကို ဆိုလို ပါတယ်။ ကျန်းမာ သန်စွမ်းသူကို ဆိုလိုပါတယ်။

[မိတ်သဟာ] - မိတ်ဆွေ ၊ ရင်းနှီးသူ။ လုပ်ဖော်ဆောင်ဖက်။ အသိ အကျွမ်း၊ သူငယ်ချင်း။ ကို ဆိုလိုပါတယ်။ ရန်သူ မဟုတ်ပါ။ တစိမ်း မဟုတ် ပါ။

[ယနေ့ကြွလာမိတ်သဟာ] - ယခု လက်ရှိ အသက်ရှင် လှုပ်ရှား သက်ဝင် သွားလာ နိုင်သော မိတ်ဆွေ အပေါင်းအသင်းကို ဆိုလိုပါတယ်။

[ချမ်းသာ] - လောကမှာ ချမ်းသာမှု အမျိုးမျိုး ရှိပါတယ်။ ပညာ၏ ချမ်းသာခြင်း 'ဘွဲ့'။ ဥစ္စာပစ္စည်း၏ ချမ်းသာခြင်း 'ငွေ' 'အိမ်ယာ' 'ကျေးကျွန် အလုပ်သမား'။ ရုပ်ဆင်းအင်္ဂါ ချမ်းသာခြင်း 'မိန်းမ ပီသခြင်း၊ ယောကျ်ား ပီသခြင်း။' အိမ်ထောင်ကြင်ယာဖက် ရရှိခြင်း။ 'ခင်ပွန်းဇနီး။' အလုပ်အကိုင် ရာထူး၏ ချမ်းသာခြင်း။ လောကုတ္တရာ၏ ချမ်းသာခြင်း 'သီလ'။ ကိုယ်ကျင့်တရား ချမ်းသာခြင်း 'အကျင့်သိက္ခာ။' - - စသည့် အရာများ တစ်ခု ထက်မက ရရှိပိုင်ဆိုင်နိုင်ခြင်းကို ဆိုလိုပါတယ်။

[ကိုယ်စိတ်] - စိတ်ရော ကိုယ်ပါ။ ကိုယ်ထိလက်ရောက် စိတ်ပါလက်ပါ။ ကိုယ်ခန္ဓာ စိတ်နှလုံး။ စိတ်ပိုင်း ဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ နှစ်ခုစလုံး နှင့် သက်ဆိုင်သည်။

[မြဲပါစေ] - တည်ရှိပါစေ။ သက်ရောက်ပါစေ။ အမြဲ တည်ရှိ နေတာကို ဆိုလိုပါတယ်။ ခဏ တဖြုတ် ရှိတာ မဟုတ်ပါ။

ချမ်းသာတယ်၊ မချမ်းသာဘူး ဆိုတာ ငွေကြေးဥစ္စာ ပမာဏ နဲ့ တိုင်းတာ လို့ မရပါဘူး။ ကိုယ့်စိတ်နဲ့ဘဲ ဆိုင်ပါတယ်။ ဒီ လခ ရရင် တော်ပြီကွာ။ ဒီပညာ ဒီဘွဲ့ ရရင် တော်ပြီကွာ။ ဒီမိန်းမ ရရင် တော်ပြီ ကွာ။ ဒီ ပရော့ဂျက် ပြီးရင် တော်ပြီကွာ။ ဒီ ကား ဝယ်ပြီးရင် - ။ ဒီ အိမ် ဆောက်ပြီးရင် - ။ ဒီဟာ ကလေး လုပ် ပြီးရင် ဆိုတဲ့ ကိုယ့် စံချိန် ကိုယ် သတ်မှတ်ပြီး ချမ်းသာပြီ၊ မချမ်းသာ ဘူး လို့ သတ်မှတ်ရ စမြဲပါ။

ဒါ့ကြောင့် ဒီဆောင်းပါးကို နိဂုံးချုပ်ရမယ်ဆိုရင်တော့ *(ယနေ့ ကြွလာ မိတ်သဟာ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။)* ဆိုတဲ့ မြန်မာ့ နှုတ်ခွန်းဆက် စကားနဲ့ အဓိပ္ပါယ် တစ်ထပ်တည်း ကျတဲ့ [[မဿဲ **၁၁း၂၈ - ပင်ပန်း၍ ဝန်လေးသောသူ အပေါင်းတို့ ငါ့ထံသို့ လာကြ လော့။ ငါသည် ချမ်းသာပေးမည်။**]] ကျမ်းချက်မှ သခင်ယေရှု ၏ ခေါ်ဖိတ်သံကို ယှဉ်တွဲ ဖော်ပြ လိုက်ပါတယ်။ ယေရှု ခရစ် တော် က 'ဝန်လေးသော သူများ သူ့ထံ လာပါ ချမ်းသာ ပေးမည်' လို့ ကတိတော် ပေးထားပါတယ်။ သို့သော် - မလာသူ၊ မယုံသူ၊ မမှီဝဲသူ ကတော့ ထိုကတိတော်နဲ့ မသက်ဆိုင်ပါ။ ကတိတော်နှင့် သက်ဆိုင်ရန် ဖိတ်ခေါ်ချက်ကို အမြန် လက်ခံကြပါစို့။ ။ [[**ဟေဗြဲ ၄း၁ - ထို့ကြောင့် ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရသော အခွင့်ကို ပေးသော ကတိတော်သည် ငါတို့၌ ရှိရစ်လျှက်နှင့် သင်တို့တွင် အချို့ တို့သည် မမီဘဲ နေမည်ကို စိုးရိမ်ကြကုန်အံ့။**]] ။ ။ မင်းအောင်သက်လွင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၇ မတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန့်ဒ်တ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ ကြားရသော တရား စကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသော ကြောင့် အကျိုးကို မပေး ။ ဟေဗြဲ ၄း၂

အမှတ်စဉ် (၁၈၇) ဗတ်လ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# သက်ဆုံးတိုင်






## သက်ဆုံးတိုင် *မင်းအောင်သက်လွင်*

ဖူးစာ လဲ ဆုံ ၊
ရေစက် လဲ ကြုံသမို့။
သခင် ပြင်ဆင်တဲ့ ၊ ဒီ မင်္ဂလာပွဲ
ချစ်သူရေ - ကို့ လက် ဆွဲ ၊
တွဲ လှဲ့ သက်ဆုံး ။ ။
ချစ်ခြင်းလဲ ဆုံ ၊
မေတ္တာ လဲ ကြုံသမို့။
ဘုရား ပြင်ဆင်တဲ့ ၊ ဒီ တစ်သက်လုံး
ချစ်သူရေ - ကို့ ပုခုံး ၊
မှီ လှဲ့ သက်ဆုံး ။
နောင်တ တရားလဲ ဆုံ ။ အပြစ်တွေလဲ ကုန်မို့
သခင် ကြိုနေတဲ့ ဒီ ကယ်တင်ခြင်း ၊
အပြစ်သားရေ သခင့် နလုံး
ယုံ လှဲ့ သက်ဆုံး ။ ။
[ ချစ်သူများနေ့ အမှတ်တရ - "ဖေဖော်ဂါရီလ ၁၄ ရက်နေ့" ]

# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ ကြားရသော တရား စကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသော ကြောင့် အကျိုးကို မပေး ။ ဟေဗြဲ ၄း၂

အမှတ်စဉ် (၁၈၇) မတ်လ ၂၀၁၇ ခုနှစ် မမ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# ရန်သူ့ချစ်သူ

[ရန်သူ့ ချစ်သူ] *ကာတွန်း - မင်းအောင်သက်လွင်*

"ဒီ လူကြီးကို လျှော့ မတွက်နဲ့။ သူက ကျမ်းစာတော့ သိပ်မတတ်ဘူး။ ဒါပေမဲ့ သူ သိတဲ့ ကျမ်းချက်ကိုတော့ အသက်နဲ့ လဲပြီး လိုက်နာတယ်ကွ။" "အိုး - လေးစား စရာဘဲ။ ဒါနဲ့ - သူက ဘယ် ကျမ်းစာကို သိတာလဲ။" " သင်၏ ရန်သူကို ချစ်လော့ ဆိုတဲ့ ကျမ်းချက်လေ။" " ဂွမ် "






သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၇ မတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန်္ဒဝင် ထုတ်ဝေသည်။